မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၈ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၉)

အစိုးရက စောင့်ရှောက်သွားမည်

ရင့်ကျက်တဲ့ ပါတီစည်းရုံးရေး မူတွေကို လိုက်နာကျင့်သုံး ထိန်းသိမ်းဆောင်ရွက်မယ့်သူ မှန်သမျှကို အစိုးရက စောင့်ရှောက်သွားမှာ ဖြစ်တယ်။

အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်

ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ကြရာမှာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော် သုံးရာကတည်းက အမြစ်တွယ်ခဲ့လို့ ရင့်ကျက်ပြီးဖြစ်နေတဲ့ ဒီမိုကရေစီမျိုးကို ချက်ချင်းရနိုင်မှာ မဟုတ်တဲ့အတွက် အစစအရာရာ ဆင်ခြင်တုံတရားရှိကြဖို့လိုတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ပျိုးထောင်ဆဲအဆင့်သာရှိသေးပြီး စိတ်ရှည်ရှည်နဲ့ ဆက်လက်ပြုစုစောင့်ရှောက်ဖို့ လိုဦးမှာဖြစ်တယ်။ ခရေတွင်းတူး ခရေကြည်သောက်လို့ မရနိုင်တာကို နားလည်ပြီး တဖြည်းဖြည်း ရင့်ကျက်လာအောင် အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်သွားကြရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူများ တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့ သက္ကရာဇ် ၂၀၁၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲတွေကို စနစ်တကျ ကျင်းပပေးမည်

နိုင်ငံရေးပါတီတွေဟာ ပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေစိုက်ပြီး ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ ခံယူချက်နဲ့ စည်းရုံးကြရန်လို ပြည်သူလူထု အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးမှုလုံးဝမပြုမိရန် လိုအပ်

နေပြည်တော် မတ် ၂၇

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ဒို့ရဲ့ မျိုးချစ်တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ပြည်ပအားကိုးဘဝကနေ ပထမဦးဆုံး ကိုယ့်ထူးကိုယ်ချွန် ရန်းကန်နိုးထပြီး တိုင်းရင်းသားပြည်သူတွေနဲ့အတူ တော်လှန်ရေးကြီး တစ်ရပ်ကို ဆင်နွှဲခဲ့တာဟာ ယခုဆိုရင် (၆၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်တယ်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၈ ရက်)

မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များ၏စွမ်းအား တိုးမြှင့်ဖော်ဆောင် နိုင်ငံတကာအဆင့်မီလမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း

နေပြည်တော်ကို ဗဟိုပြု၍ မြန်မာနိုင်ငံအထက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဆက်သွယ်ပေးမည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း၏ (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၂၅ရက်နေ့က နေပြည်တော်စီလမ်းဆုံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် သဘာဝအတားအဆီးများ၊ သမိုင်းရေးအမွေဆိုးများကို ကျော်လွှား၍ ပြည်ထောင်စုကြီး၏ နယ်မြေတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့သာမက တိုင်းရင်းသားများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီး၌ လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ချိတ်ဆက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုလမ်း ကွန်ရက်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းမကြီးသည် စီးပွားရေး မြို့တော်များဖြစ်သော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အကြား ဆက်သွယ်ထားပြီး နိုင်ငံတော်၏ အထက်နှင့်အောက် ကူးလူးဆက်သွယ်ရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အသက်သွေးကြောသဖွယ် အရေးပါသည့် မဟာဗျူဟာလမ်းမကြီးလည်း ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ခုနှစ် ဧပြီလကစ၍ ရန်ကုန် အမှတ်(၃)လမ်းမကြီးမှ မန္တလေး စကားအင်းအဝိုင်းအထိ အရှည်မိုင် ၃၂၅ မိုင် ၆ ဖာလုံကို ဖောက်လုပ်လျက်ရှိရာတွင် ယခုအခါ ရန်ကုန် အမှတ်(၃)လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂မိုင် ၁ဖာလုံကို Two Way၊ Two Lane ပြီးစီးပြီဖြစ်၍ ပြည်သူများ အသုံးပြုနိုင်နေပြီ ဖြစ်သည်။

ပဲခူးရိုးမ အရှေ့နှင့်အနောက်ဖြတ်လမ်းများ အပါအဝင် ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် မြို့များနှင့် ဆက်သွယ်ရေးလမ်းပေါင်း ၁၃လမ်းမှတစ်ဆင့် အမြန်လမ်းမကြီးပေါ်သို့ ဝင်ရောက်ဆက်စပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်သည်။

နိုင်ငံတကာ ခေတ်မီလမ်းမကြီးတစ်ခု၏ ဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ခေတ်မီနည်းပညာများ၏ စံကိုက်နှုန်းပြည့် အရည်အသွေးနှင့်အညီ တည်ဆောက်ထားခြင်းဖြစ်သည်။ မြန်မာအင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတော်၏ အဓိက ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ပေရာ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သော အောင်မြင်မှုရလဒ်ပင်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရ၏ စေတနာ၊ နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးစားအားထုတ်ကြိုးပမ်းမှုနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ထွန်းလာသည့်ရလဒ်ကောင်းတစ်ခုဖြစ်သော အမြန်လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုသွားနိုင်ရန် ဒေသခံပြည်သူများက လက်တွဲကာ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၀၉ (စနေနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **မမြင်ရသောကြိုး** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၈:၀၀-၂:၀၀ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၈:၂၀-၂:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၄၀-၂:၄၀ Activities in the City (စက်ဘီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား)
- ၉:၀၅-၃:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅-၃:၁၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၉:၃၀-၃:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅-၃:၃၅ နွေရဲ့လေ
- ၁၀:၁၀-၄:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၀-၄:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာအောင်ဇင်နှင့်တွေ့ဆုံခြင်း)
- ၁၀:၄၀-၄:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅-၄:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀-၄:၅၀ **အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ဦးကြည်စိုး၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၁:၀၅-၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅-၅:၁၅ သွားမယ်စားမယ် (Monsoon Restaurant)
- ၁၁:၄၀-၅:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅-၅:၄၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၁:၅၀-၅:၅၀ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
- ၁၂:၂၀-၆:၂၀ Hotel Guide (Park Royal Hotel)
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendly ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	England-Slovakia	Star Sports (Live)

Asia World Cup Qualifiers ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၂၅	DPR Korea-UAE	ESPN (Live)
၄:၄၅	Japan-Bahrain	Star Sports (Live)
၆:၂၅	Uzbekistan-Qatar	ESPN (Live)
၈:၅၅	Iran-Saudi Arabia	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၂၈-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ငြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၉)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်ကြွေးကြမ္မာ** သရုပ်ဆောင်-ရဲအောင်၊ ဟိန်းဝေယံ၊ ခင်ဇာခြည်ကျော်၊ ချစ်စနိုးဦး
- ၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၃၃)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၇)

တရားမဝင်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများဗဟိုထိန်းချုပ်ရေးအဖွဲ့ အစည်းအဝေး

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်ဆွေးနွေး

နေပြည်တော် မတ် ၂၇

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ (၂/၂၀၀၉)ကြိမ်မြောက် အစည်းအဝေးကို မတ် ၂၅ရက် ညနေ ၄နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမဆောင်၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားသို့ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး**(အပေါ်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး၊ ဒုတိယ ရှေ့နေချုပ်များနှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့၏ အကြံပြုချက်များ အပေါ် စီမံကိန်းချမှတ် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဦးစားပေးအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပုဒ်မ ၅ (က)တွင် ပြစ်မှု ၁၀မျိုး ထပ်မံဖြည့်စွက်ပြဋ္ဌာန်းရေးကိစ္စရပ်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေထုတ်ပြန်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၇

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲများကို ဧပြီ ၅ရက် နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်း ကြားတောရလမ်းမကြီးရှိ တရားရုံးချုပ်မဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ချောက်မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံးအပြင် စိတ်ပါဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးသို့ နံနက် ၁၀နာရီအရောက် မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်စစ်သင်္ဘော ဆိုက်ကပ်မှု ယူကရိန်းပြည်သူများ ကန့်ကွက်ဆန္ဒပြ

ကီယက်ဗ် မတ် ၂၇

ယူကရိန်းနိုင်ငံတောင်ပိုင်းဒေသရှိ ရေတပ်ဆိပ်ကမ်းမြို့ ဆီဗက်လိုပိုတွင် လူ ၅၀၀ခန့် မတ် ၂၅ရက်က ရောက်ရှိစုရုံးနေကြပြီး အမေရိကန်ရေတပ်မှစစ်သင်္ဘော ယူကရိန်းနိုင်ငံသို့ ဆိုက်ရောက်မှုအပေါ် ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခဲ့ကြောင်း ဆင်ဟွာသတင်း တစ်ရပ်၌ ဖော်ပြထားသည်။

ဆန္ဒပြသူများတွင် ပါဝင်သည့် နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူများက 'နေတိုးထွက်သွား၊ အမေရိကန် အိမ်ပြန်' ဟူသည့် ကြွေးကြော်သံများ ဟစ်ကြွေးကြသည်။

အမေရိကန်စစ်သင်္ဘောသည် ဆီဗက်လိုပိုဆိပ်ကမ်းသို့ မတ် ၂၅ရက် နံနက်ပိုင်းက ဆိုက်ရောက်လာခဲ့သည်။ ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူကရိန်းနိုင်ငံသို့ ငါးရက်ကြာခရီးစဉ်အဖြစ် အဆိုပါသင်္ဘောရောက်ရှိလာခြင်းဖြစ်သည်ဟု ယူကရိန်းရေတပ်၏ ကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်သို့ ပြင်သစ်ရဟတ်ယာဉ် ၂၄စင်း ရောင်းချမည်

ပါရီ မတ် ၂၇

၁၉၉၀ ပြည့်နှစ်တွင် ပင်လယ်ကွေ့စစ်ပွဲပြီးနောက် ပြင်သစ်နှင့်အီရတ်တို့ ပထမဆုံး လက်နက်ဝယ်ယူရေး သဘောတူညီချက်အရ ပြင်သစ်က အီရတ်သို့ စစ်ဘက်ဆိုင်ရာ ယူရိုတာကော့ပတ်အီးစီ-၆၃၅ ရဟတ်ယာဉ် ၂၄စင်း ရောင်းချမည့် စာချုပ်ကို လက်မှတ်ရေးထိုးကြောင်း ပြင်သစ်အေအက်ဖ်ပီသတင်းဌာနက မတ် ၂၅ရက်၌ ဖော်ပြသည်။

အီရတ်က ယူရိုငွေ သန်း ၃၆၀တန်ဖိုးရှိ (အမေရိကန်ဒေါ်လာ ၄၈၈သန်း) လက်နက်ဝယ်ယူမည့်စာချုပ်ကို ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဟာဗီမိုရင်က အီရတ်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူကာဒါအိုဘီဒီနှင့် ပါရီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့စဉ် လက်မှတ်ရေးထိုးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဗိုလ်ချုပ်ကိုကို၊စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်တို့နှင့်အတူ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်ကိုကို၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားစစ်ရေးပြမှူးကြီးနှင့်စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှရွှေဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စုရုံးရောက်ရှိ

ရှေးဦးစွာ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပမည့် စစ်ရေးပြ အခမ်းအနားသို့ စစ်ကြောင်းကြီးများ အလိုက် ချီတက်ရန် နံနက် ၅နာရီတွင် စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅နာရီခွဲတွင် စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီးခုနစ်ကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းထံ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်က တပ်ကိုအပ်သည်။

နေရာယူ

ထို့နောက် စစ်ကြောင်းကြီးများ စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက် မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ ဗိုလ်ကြီးအောင်မိုးလင်း ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်ထားသည့် နေရာ၌ နေရာယူသည်။

အနော်ရထာစစ်ကြောင်း

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်၊ ယင်းနောက် အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးခင်မောင်အေးခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သောအနော်ရထာစစ်ကြောင်းအလံတော်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးထူးမြတ်တိုး ခေါင်းဆောင်သည့် သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ကျော်ခိုင်ထွန်း၊ တပ်ခွဲမှူး ဗိုလ်မှူးခင်ထွန်းအောင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ဇော်ဦးခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်လွင်ဦး ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးမိုးအောင် ခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးသင့်မြတ်ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဝင်းမိုး ခေါင်းဆောင်သည့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ကျန်စစ်သားစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကောင်းညွှန့် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ ပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ရန်မျိုးအောင်ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဖြိုးသန့် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းအောင်၊ တပ်ခွဲမှူး ဗိုလ်မှူး

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တပ်မတော် အရာရှိကြီးများ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပနေမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးတို့ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော စစ်သံမှူးများအား နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

မင်းချစ်ညိုခေါင်းဆောင်သည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး စိုးမိုးကျော် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထိန်လင်းဦး ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ဆန်းလင်း ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်း အဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ် ကျော်ဇေယျာဝင်း ခေါင်းဆောင်သည့် ကျန်စစ်သားစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစိုင်းသက်နိုင် ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးမင်းသိမ်းတင့်ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူး ရဲထွန်းလင်း ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးဦး ခေါင်းဆောင်သည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်သက်ဝင်း ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲရင့်အောင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မင်းစိုး ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မင်းဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်း အဖွဲ့ခေါင်းဆောင် တပ်ကြပ်ကျော်လွင်ဦး ခေါင်းဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

အောင်ဇေယျစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမင်းသူ ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော အောင်ဇေယျစစ်ကြောင်းအလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းအောင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးလှမျိုး ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျစစ်ကြောင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နိုင်၊ တပ်ခွဲမှူး ဗိုလ်မှူးထွန်းထွန်းနိုင် ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု၊ စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးမျိုးညွန့် ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအေးမင်းသိန်း ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရန်မျိုးနိုင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူး မင်းဦး ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးတင်နိုင် ခေါင်းဆောင်သည့် အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဆင်ဖြူရှင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူး ကျော်ကျော်ဝင်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး နေဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူး ဇော်ဇော်ထွန်း ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်း၊ တပ်ခွဲမှူး ဗိုလ်မှူးအေးဇော် ခေါင်းဆောင်သည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး နန္ဒဝင်း ခေါင်းဆောင်သည့် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနိုင်လင်း ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးညီညီထွန်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးဆန်းဌေးမောင် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ကျော်မိုးထွန်း ခေါင်းဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးထွန်းထွန်းဦး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ထွေး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးမျိုးဝင်း ခေါင်းဆောင်သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းဇော်ထွဋ်၊ တပ်ခွဲမှူး ဗိုလ်မှူးနိုင်ဝင်းစိုး ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ကျော်ကျော်လင်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဇင်မင်းထွဋ် ခေါင်းဆောင်သည့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအာကာ ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)နှင့် စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် ဒုတိယအရာခံဗိုလ်အောင်ဇော်လတ် ခေါင်းဆောင်သည့် ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

မြဝတီစစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ရဲမှူး မောင်မောင်ဇော် ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန့်နိုင် ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးအောင်ဆန်းဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု မြဝတီစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး လှိုင်ဝင်းအောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဒုတိယတပ်ရင်းမှူး ဇော်နိုင်သန့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မျိုးနောင် ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး အောင်သူ ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မိုးခိုင်ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့်စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကျော်စိုး ခေါင်းဆောင်သည့် မြဝတီစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီးခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၃၆၈၇ ဦး တို့သည် စုရပ် သစ်တပ်စစ်ရေးပြကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲ တစ်ခွဲနှင့်တစ်ခွဲ ပေ ၅၀စီနှင့် စစ်ကြောင်း တစ်ကြောင်းနှင့် တစ်ကြောင်း ပေ ၁၀၀ စီခြားကာ စစ်ရေးပြကွင်းကြီးဆီသို့ ဓာတ်သွေးဓာတ်မာန် အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုကြကာ ချီတက်ကြသည်။

ကြိုဆိုနှုတ်ဆက်

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စစ်ကြောင်းကြီးများတွင် ပါဝင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ နေပြည်တော်တပ်နယ်မှ မိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စု အလံငယ်နှင့် တော်လှန်ရေးအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း၊ အမွှေးနံ့သာများ ပက်ဖျန်း၍လည်းကောင်း၊ ပန်းကုံးများ စွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းသို့ စစ်ကြောင်းကြီးများ အလိုက် ဓာတ်သွေး ဓာတ်မာန် တက်ကြွဖွယ် စစ်ချီတေးများကို သံပြိုင် ဟစ်ကြွေး သီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ် သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်ကြကာ နံနက် ၇နာရီ မိနစ် ၂၀ တွင် အသင့်နေရာယူပြီး ဖြစ်သည်။

စင်မြင့်၌နေရာယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း လိုက်ပါလျက် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ နံနက် ၇နာရီခွဲတွင် ရောက်ရှိလာပြီး အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းရှိ စင်မြင့်၌ နေရာယူသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စင်မြင့်ပေါ်၌နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

စစ်ဆေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ)တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီးမုခ်ဦးဂိတ်မှ စုရပ် သစ်တပ်စစ်ရေးပြကွင်းသို့ စနစ်တကျပြန်လည်ချီတက်ထွက်ခွာသွားကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားကာ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းလိုက်သည်။

မီးရှူးတိုင်များထွန်းညှိထား

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းအတွင်း၌ ပထမ၊ ဒုတိယနှင့်တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားမင်းတရားတို့၏ ကြေးရုပ်တုကြီး သုံးခုကို ဝင့်ကြွားစွာဖြင့် တွေ့ရှိရပြီး ယင်း မင်းသုံးပါးရုပ်တုများ၏ လက်ယာဘက်ထိပ်၌ တပ်မတော်နေ့ မီးရှူးတိုင်ကို ထွန်းညှိထားကာ မျက်နှာချင်းဆိုင်၌ တပ်မတော်တံဆိပ် အမှတ်အသားနှင့် (၆၄) နှစ်မြောက် တပ်မတော်နေ့ တံတိုင်းဆိုင်းဘုတ်ကြီးတို့ကို ဝင့်ထည်စွာဖြင့် မြင်တွေ့ရသည်။

ထို့အတူ ရေပန်းကြီး ရေပန်းငယ်တို့ဖြင့် လှပစွာတန်ဆာဆင်ထားသော ရေပန်းပဒေသာကို ပသာဒကျစွာတွေ့မြင်ရသကဲ့သို့ စိမ်းလန်းကျယ်ပြန့်သောမြက်ခင်းပြင်များကို အလှစိုက်ပန်းမန်များဖြင့် အနားသတ်လျက်လည်းကောင်း၊ ပုံဖော်ပင်များ၊ အမြဲစိမ်းပင်များကို ရောင်စုံပန်းခင်းတို့ အကြား၌ သင့်လျော်သလို စီမံပုံဖော် စိုက်ပျိုးထားသည်ကိုလည်းကောင်း၊ ပုံဖော်ပင်များ၊ အမြဲစိမ်းပင်များတွင် လျှပ်တစ်ပြက်မီးရောင်စုံများ၊ မီးပြေးများတပ်ဆင်လျက် အမြင်ထူးအောင် စီစဉ်ထားသည်ကို လည်းကောင်း တွေ့ရှိရသည်။

စနစ်တကျ

စုရပ် သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးတစ်လျှောက် ပင်လောင်းလမ်းမကြီး၏ လမ်းဘေးဝဲယာရှိအမြဲစိမ်းပင်များ၊ ပုံဖော်ပင်များ၌ လျှပ်တစ်ပြက်မီးရောင်စုံများ၊ မီးပြေးများကို စနစ်တကျတပ်ဆင် ထွန်းညှိထားပြီး ပင်လောင်းလမ်းမကြီးတစ်လျှောက်၌ “ဒို့တာဝန်အရေးသုံးပါး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်၊ လူထုအားကိုအများကြီးလိုသည်၊ တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်နှင့်ပြည်သူ အမြဲကြည်ဖြူ သွေးခွဲလာသူဒို့ရန်သူ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်၊ သစ္စာလေးလီ ဦးထိပ်တည် စွမ်းရည်သုံးရပ် ကျေပွန်အပ်၊ အသက်သွေးချွေး စဉ်မနှေး ပေးအပ်သည်မှာ တပ်မတော်ပါ” ဟူသော ဆောင်ပုဒ်စာသား ပိတ်ပိုစတာများကို အမြင့်တင်ကြိုးတန်းများဖြင့် ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား

ထောင်ပေါင်းများစွာသောပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၇

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ် သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ဂုဏ်ပြုကြိုဆို

ထိုသို့ ဂုဏ်ပြုကြိုဆိုကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၏ ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများကလည်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ပြည်သူများနှင့်အတူ စစ်ရေးပြစစ်ကြောင်းကြီးများတွင် ပါဝင်စစ်ရေးပြကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပန်းကုံးစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

သောင်းသောင်းဖြဖြ

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၏ ဇနီး ဒေါ်ကြည်ကြည်အုန်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၇

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စုရပ် သစ်တပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ (၆၄)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ အကောင်းဆုံး စစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလ စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် (၆၄)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းက ဂုဏ်ပြုဆုရရှိကြသော မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် စစ်ရေးပြတပ်ခွဲ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ တတိယဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ပထမဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ သံချပ်ကာယန္တရား တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

(၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ ပထမ ဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အလေးပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို ဧပြီ ၁ရက်မှစတင်၍ ဖွင့်လှစ်ပြသသွားမည်

နေပြည်တော် မတ် ၂၇

နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ဧပြီ ၁ရက်မှစတင်၍ အများပြည်သူ ကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြသမည်

ပြခန်းကို တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး နက္ခတ်တာရာပြပွဲ အစီအစဉ်များကို ပြခန်း ဖွင့်ရက်များ၌ တစ်နေ့လျှင် နှစ်ကြိမ် နံနက် ၁၁နာရီနှင့် မွန်းလွဲ ၁နာရီတို့တွင် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း၊ ဝင်ကြေးအနေဖြင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၊ လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၃-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ကဗျာပန်းဥယျာဉ်
၇:၅၀	၅။	**ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၀	၉။	တေးသရုပ်ဖော် အစီအစဉ်
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၂၀	၂။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၅၀	၃။	Yan Can Cook
၁၄:၂၀	၄။	ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၅:၀၀	၅။	အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀	၃။	တေးဂီတအစီအစဉ်
၄:၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၄:၅၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀	၆။	**တစ်လောကလုံး လင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖူးပွင့် (ဒါရိုက်တာ- စင်ရော်မောင်မောင်)
၅:၁၀	၇။	တေးဂီတအစီအစဉ်
၅:၂၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၅:၅၀	၉။	(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	အလှရှာမယ်၊ လှကမ္ဘာဝယ်
၆:၅၅	၁၃။	ပဋ္ဌလက်ကျောင်းတော်
၇:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ပြည်သူ့အတွက် တပ်မတော် (တပ်မတော်သည် ပြည်သူ့အတွက်)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၂၁)
	၂၀။	အစီအစဉ်ပြီး၏။

အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲထူထောင်ထားတဲ့ နိုင်ငံတော်တည်ဆောက်မှု
နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဆိုတဲ့ ရည်မှန်းချက်

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဓာတ်သေွး ဓာတ်မာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရဲဘော်တို့-

ဒို့တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်က ဒို့ရဲ့ ရည်မှန်းချက်ဟာ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဖြစ်တယ်။ ယနေ့ ဒို့တပ်မတော်ရဲ့ ရည်မှန်းချက်ကတော့ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမှုမရှိဖို့နဲ့ တိုင်းတစ်ပါးက နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ သဘောတရားရေးအရနဲ့ စစ်ရေးနည်းအရ စတဲ့ ဘက်စုံနည်းလမ်းအသွယ်သွယ်နဲ့ ဒို့ရဲ့ အချုပ်အခြာအာဏာကို ဝင်ရောက်ထိန်းချုပ်မှု မပြုနိုင်ဖို့ ဖြစ်တယ်။

ဒါကြောင့် ဒို့တပ်မတော်ရဲ့ လက်ငင်းတာဝန်ဟာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်ရေးပဲဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်တစ်ရပ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတော်ရဲ့ ဓနအင်အားအပေါ်မှာ တည်မှီလျက်ရှိတယ်။ သို့သော်လည်း စိတ်ပိုင်းဆိုင်ရာဖြစ်တဲ့ စိတ်ဓာတ်ခိုင်မာရေး၊ စည်းကမ်းကောင်းမွန်ရေး၊ သစ္စာမဲ့မြဲရေး၊ စည်းလုံးညီညွတ်မှုရှိရေးနဲ့ စွမ်းရည်သုံးရပ်ပြည့်စုံရေးတို့ဟာ

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးရှူး မီးပန်းအလှများကို တွေ့ရစဉ်။ (သတင်းစဉ်)

တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်နဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေရမယ့် လုပ်ငန်းစဉ်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ လေ့ကျင့်ရေးနဲ့တည်ဆောက်၊ အုပ်ချုပ်ရေးနဲ့တည်ဆောက်၊ သက်သာချောင်ချိရေးနဲ့တည်ဆောက်၊ စိတ်ဓာတ်နဲ့တည်ဆောက် စတဲ့ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်ကို အချိန်နဲ့အမျှ ဆောင်ရွက်နေကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တစ်တွေဟာ နိုင်ငံတော်ကို ကာကွယ်ဖို့၊ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ဖို့အတွက် အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်နေကြရမယ်။ တိုက်ပွဲဝင်အသင့်ဖြစ်ဖို့အတွက် အမြဲတမ်း စစ်ရေးသတိရှိပြီး အမြဲတမ်း လေ့ကျင့်နေကြရမယ်။

ဒါ့အပြင် တစ်တွေဟာ မျိုးချစ်တပ်မတော်သားတွေပီပီ ပြည်သူ့အကျိုးစီးပွားကို အစဉ်အမြဲ ဦးထိပ်ထားပြီး နိုင်ငံတော်ကာကွယ်ရေးမှာသာ မကဘဲ နိုင်ငံတော်ထူထောင်ရေးမှာပါ ဝိုင်းဝန်းတည်ဆောက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကို လုပ်ကိုင်ကြရမယ်။ ဒါဟာ ဒို့ရဲ့ အဓိကတာဝန်တွေပဲ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူလူထုရှေ့ကမားမားမတ်မတ်ရပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့စမြဲ ဖြစ်တယ်။ ၁၉၈၈ခုနှစ်မှာ တပ်မတော်က မလွဲသာ မရှောင်သာ တာဝန်ယူလိုက်ရတဲ့အချိန်မှာ နိုင်ငံတော်ရဲ့အခြေအနေဟာ အလွန်ဆိုးဆိုးရွားရွား ယိုယွင်းနေတာဖြစ်တယ်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတွေ ပျက်ပြားပြီး အပြစ်မဲ့ပြည်သူလူထုဟာ အသက်ကို ဖက်နဲ့ထုပ်ထားရတဲ့ အခြေအနေမှာ ရောက်ခဲ့ကြရတယ်။ ဒီလိုအခြေအနေမျိုးကို တပ်မတော်ကသာ ထိန်းသိမ်းနိုင်စွမ်းရှိခဲ့တာ ဖြစ်တယ်။

ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို ဦးစွာ ပြန်လည်တည်ဆောက်ခဲ့ရတယ်။ တစ်ဖက်ကလဲ ပြည်သူတွေရဲ့ စားဝတ်နေရေးလိုအပ်ချက်တွေကို အလျင်အမြန် ဖြည့်ဆည်းပေးရသလို ပိတ်ဆို့နေတဲ့ လမ်းပန်းဆက်သွယ်မှုကို လုံခြုံချောမွေ့အောင် ချက်ချင်းဆောင်ရွက်ပေးခဲ့ရတယ်။ ဒါ့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လွတ်လပ်ရေးရကတည်းက ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေကိုလဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် စိတ်ကောင်း စေတနာကောင်းနဲ့ လက်ကမ်းကြိုဆိုခဲ့ရတယ်။

ရဲဘော်တို့-

နိုင်ငံတော်မှာ အခြေခံဥပဒေတစ်ရပ် ချုပ်ငြိမ်းသွားတာကြောင့် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့နဲ့လဲ ကိုက်ညီတဲ့အပြင် ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ကို ကာကွယ်စောင့်ရှောက်နိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးအတွက် တပ်မတော်က ကြိုးပမ်းခဲ့တယ်။

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံရေးပါတီများက ကိုယ်စားလှယ်တွေ၊ ရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းပြီး ယင်းတို့ရဲ့ဆန္ဒအရ တိုင်းရင်းသား၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနဲ့ အခြားဖိတ်ကြားသင့်သူများ စတဲ့ မြို့နယ်တိုင်းက ကိုယ်စားလှယ်များနဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့တယ်။

အမျိုးသားညီလာခံကြီးဟာ ကနဦးမှာ အရှိန်အဟုန်နဲ့ အောင်မြင်ခဲ့သော်လဲ နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ယာယီအားဖြင့်ရပ်ဆိုင်းသွားခဲ့ရတယ်။ တပ်မတော်အနေနဲ့ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရေးအတွက် အစဉ်အမြဲ အာရုံထားခဲ့တယ်။ တစ်ဖက်ကလဲ အချိန်တွေ အလဟဿဖြစ်မသွားဘဲ နိုင်ငံတော်အတွက် အကျိုးရှိစေရအောင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ပေါ်လာရေးဆိုတဲ့ ရည်မှန်းချက်ကို အချိန်နဲ့အမျှ မနားတမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။

ရဲဘော်တို့-

တပ်မတော်က ဆောင်ရွက်ခဲ့တဲ့ နယ်စပ်ဒေသများနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတဲ့ စီမံကိန်းကြီး(၃)ရပ်အတွက် တစ်နိုင်ငံလုံးမှာ ဆောက်လုပ်ပေးခဲ့တဲ့ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ အခြေခံအဆောက်အအုံတွေဟာ အနှစ်နှစ်ဆယ်ဆိုတဲ့ ကာလနဲ့မမျှအောင် အထူးများပြားခဲ့တယ်ဆိုတာ လက်တွေ့သက်သေခံလျက်ရှိတယ်။ ဒီလိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ခြင်းဟာ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ်တို့ မားမားမတ်မတ် လက်တွဲဆောင်ရွက်ခြင်းရဲ့ ရလဒ်ပဲဖြစ်တယ်။

ဒါ့အပြင် ၂၀၀၈ခုနှစ်အတွင်း ပြင်းထန်စွာကျရောက်ခဲ့တဲ့ မုန်တိုင်းအန္တရာယ်ကြီးနဲ့ရင်ဆိုင်ရချိန်မှာ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဟာလဲ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ညီညွတ်တဲ့ စွမ်းအား

ချုပ်ကြီးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွဲ့စ…
လဲ ၁၉၂၂ခုနှစ်မှာ ဦးဘဘေ၊ ဦးမောင်ကြီး ခေ…
ဦးချစ်လှိုင်၊ ဦးပု၊ ဦးထွန်းကျော်တို့ ခေါင်းဆေ…
ကွဲသွားခဲ့ရတယ်။

မြန်မာအသင်းချုပ်ကြီး ဆင့်ကာဆင့်က…
ဒို့ဗမာအစည်းအရုံးကို ၁၉၃၀ပြည့်နှစ်မှာ ဖွဲ့စ…
အစည်းအရုံးဟာလဲ ၁၉၃၈ခုနှစ်ကျတော့ သခ…
သခင်ဗစိန် အုပ်စုဆိုပြီး ကွဲသွားခဲ့ပြန်တယ်။

၁၉၄၅ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့ရဲဘေ…
ရဲဘော်ဖြူ၊ ရဲဘော်ဝါဆိုပြီး ကွဲကြတဲ့နည်းတ…
သန္နေတည်ခဲ့တဲ့ ကွန်မြူနစ်ပါတီဟာလဲ ၁၉၄၆…
ရယ်လို့ ကွဲခဲ့ကြပြန်တယ်။

အလားတူပဲ နှစ်ပေါင်းလေးဆယ်ကနေ …
တည်တံ့ခိုင်မြဲလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတဲ့ ဖဆ…
အတွင်းက ဖွဲ့စည်းခဲ့တာဟာ တစ်ဆယ့်သုံးနှ…
အကြီးအကျယ်ကွဲပြဲခဲ့ကြတယ်။ ဖဆပလကွဲပြီ…
ပေါ်ပေါက်ခဲ့တဲ့ ပြည်ထောင်စုအဖွဲ့ချုပ်(ပထစ)…
အုပ်စုတွဲပြဿနာကို ရင်ဆိုင်ခဲ့ရတယ်။

အဲဒီနောက်မှာတော့ ပြည်ထောင်စုပြိုကွဲ…
တော်ကို အကြီးအကျယ်ခြိမ်းခြောက်လာခဲ့တယ…

ရဲဘော်တို့-

အဲသလို ဂိုဏ်းဂဏစိတ်ဓာတ်တွေ ပြင်း…
ခြင်းရဲ့ အကြောင်းရင်းကို သုံးသပ်ရရင် န…

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဓာတ်သွေး ဓာတ်မာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

ကြောင့်ပဲဆိုတာ ထင်ရှားတဲ့ သက်သေသာဓကဖြစ်တယ်။ ဒါကြောင့် ဒို့နိုင်ငံမှာ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ ညီညွတ်ကြမှသာ အရာရာကို အောင်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ယနေ့ဆိုရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတွေက တစ်ခဲနက်ထောက်ခံ အတည်ပြုပေးခဲ့ပြီဖြစ်တယ်။ ဒါကြောင့် သက္ကရာဇ် ၂၀၁၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲတွေကို စနစ်တကျ ကျင်းပပေးမှာဖြစ်တယ်။

ယခုလို စနစ်သစ်တစ်ခုကို ကူးပြောင်းတဲ့ကာလမှာ ယုံကြည်ချက်အဖုံဖုံ၊ ပေါင်းစည်းမှုအထွေထွေနဲ့ ပါတီမျိုးစုံပေါ်လာကြဦးမှာ ဖြစ်တယ်။

ဒို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ဖူးတယ်။ အဲဒီအချိန်က ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးပါတီတွေဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာကတည်းက အမြစ်တွယ်ခဲ့တဲ့ ပါတီကြီးတွေဖြစ်တယ်။

သို့သော်လဲ ဒို့ရဲ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်လည်သုံးသပ်မယ်ဆိုရင် အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေအတွင်းမှာ အကွဲအပြဲဆိုတာဟာ ထူးခြားတဲ့ဖြစ်ရပ်၊ မျှော်လင့်မထားတဲ့ဖြစ်စဉ်ဆိုတာမျိုး မဟုတ်တော့ဘဲ ဖြစ်ရိုးဖြစ်စဉ်လို ဖြစ်ခဲ့ပျက်ခဲ့တာတွေကို မကြာခဏ တွေ့ကြရလိမ့်မယ်။

ရဲဘော်တို့-

အမျိုးသားရေးလှုပ်ရှားမှုမှာ ထင်ရှားခဲ့တဲ့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ၁၉၀၆ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၀ခုနှစ်မှာ မြန်မာအသင်း

၂၀၀၈ ခု…
ကျရောက်ခဲ့တဲ့…
ရင်ဆိုင်ရချိန်မှာ…
နေရာချထားရေးနဲ့…
လုပ်ငန်းတွေကို မြ…
ရှက်နိုင်ခြင်းဟာ…
တပ်မတော်တို့ရဲ့ ည…
ဆိုတာ ထင်ရှားတဲ့…

င်တော်တည်ဆောက်မှုလုပ်ငန်းတွေကနေ ပြည်သူ့အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်

းဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်ရေး အစိုးရ၊ ပြည်သူတို့နဲ့အတူ ဝိုင်းဝန်းဆောင်ရွက်

ချုပ်ကြီးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွဲ့စည်းနိုင်ခဲ့ကြတယ်။ သို့သော်လဲ ၁၉၂၂ခုနှစ်မှာ ဦးဘဘေ၊ ဦးမောင်ကြီး ခေါင်းဆောင်တဲ့ ၂၁ဦးအဖွဲ့နဲ့ ဦးချစ်လှိုင်၊ ဦးပု၊ ဦးထွန်းကျော်တို့ ခေါင်းဆောင်တဲ့ အဖွဲ့ဆိုပြီး စတင်ကွဲသွားခဲ့ရတယ်။

မြန်မာအသင်းချုပ်ကြီး ဆင့်ကာဆင့်ကာ ကွဲထွက်သွားပြီးနောက် ဒို့ဗမာအစည်းအရုံးကို ၁၉၃ဝပြည့်နှစ်မှာ ဖွဲ့စည်းခဲ့ကြပြန်တယ်။ ဒို့ဗမာအစည်းအရုံးဟာလဲ ၁၉၃၈ခုနှစ်ကျတော့ သခင်ကိုယ်တော်မှိုင်း အုပ်စုနဲ့ သခင်ဗစိန် အုပ်စုဆိုပြီး ကွဲသွားခဲ့ပြန်တယ်။

၁၉၄၅ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့ရဲဘော်အဖွဲ့ဟာ နောက်ပိုင်းမှာ ရဲဘော်ဖြူ၊ ရဲဘော်ဝါဆိုပြီး ကွဲကြတဲ့နည်းတူ၊ ဒို့ဗမာအစည်းအရုံးမှာ သန္ဓေတည်ခဲ့တဲ့ ကွန်မြူနစ်ပါတီဟာလဲ ၁၉၄၆ခုနှစ်မှာ အလံနီနဲ့ အလံဖြူ ရယ်လို့ ကွဲခဲ့ကြပြန်တယ်။

အလားတူပဲ နှစ်ပေါင်းလေးဆယ်ကနေ နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ခိုင်မြဲလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတဲ့ ဖဆပလအဖွဲ့ကြီးကို ၁၉၄၅ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့တာဟာ တစ်ဆယ့်သုံးနှစ်သာခံပြီး ၁၉၅၈ခုနှစ်မှာ အကြီးအကျယ်ကွဲပြဲခဲ့ကြတယ်။ ဖဆပလကွဲပြီးနောက် ၁၉၆ဝပြည့်နှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပြည်ထောင်စုအဖွဲ့ချုပ်(ပထစ)ဟာလဲ ဦး ဗိုလ် သခင်ဆိုတဲ့ အုပ်စုတွဲပြဿနာကို ရင်ဆိုင်ခဲ့ရတယ်။

အဲဒီနောက်မှာတော့ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ ဒို့နိုင်ငံတော်ကို အကြီးအကျယ်ခြိမ်းခြောက်လာခဲ့တယ်။

ရဲဘော်တို့-

အဲသလို ဂိုဏ်းဂဏစိတ်ဓာတ်တွေ ပြင်းထန်ပြီး အကွဲအပြဲတွေ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို သုံးသပ်ရရင် နယ်ချဲ့တွေရဲ့ မက်လုံးပေး

သံပြိုင်ဟစ်ကြွေးသီဆိုချီတက်

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

တပည့်မွေးမှု၊ စနစ်တကျ သွေးထိုးသပ်လျှိုမှုကြောင့်လဲဖြစ်သလို လုပ်ဖော်ကိုင်ဖက်တွေအကြား မိမိကိုယ်မိမိ အထင်ကြီးပြီး ဘဝင်မြင့်ခြင်း၊ တစ်ဖက်သားကို အထင်သေးပြီး ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်ခြင်း၊ မနာလိုဝန်တိုမှုများ၊ မယုံသင်္ကာဖြစ်မှုများနဲ့ ရန်ငြိုးထားမှုများကို ရှေ့တန်းတင်လာခြင်းတို့ကြောင့် ဖြစ်တာကိုလဲ တွေ့ရမယ်။

ပြည်ပကို ဆရာတင်၊ ပြည်ပရဲ့သြဇာကိုခံပြီး ပြည်ပကတင်သွင်းလာတဲ့ အယူဝါဒနဲ့ညွှန်ကြားချက်တွေကို မဆင်မခြင်လိုက်နာတာကြောင့် အချင်းချင်း ဖြုတ်၊ ထုတ်၊ သတ်ပြီး နိဂုံးချုပ်သွားတဲ့ ပါတီမျိုးတွေရှိသလို ကိုယ့်နိုင်ငံရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ နောက်ခံသမိုင်းကြောင်းတွေနဲ့မတူတဲ့ နိုင်ငံကို ပုံတူကူးချလို့ ဒုက္ခရောက်ခဲ့ကြရသူတွေလဲ အများအပြားရှိခဲ့တယ်။ ဒါ့အပြင် အာဏာအတွက် စိတ်ဝမ်းကွဲမှုဖြစ်ပွားခဲ့ကြတာကိုလဲ တွေ့ရတယ်။

ကွဲပြဲသွားတဲ့အုပ်စုတွေဟာ ခံစားချက်နဲ့ အမျက်ဒေါသတွေ ပြင်းပြပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် စွပ်စွဲထိုးနှက်ကြရာကနေ ပြန်လည်စေ့စပ်လို့မရတော့တဲ့ အဖြစ်မျိုးတွေအထိ ရောက်ခဲ့ကြတယ်။ ဒါ့အပြင် ရှုံးနိမ့်သွားရင် ဖိနှိပ်ခြင်းခံရမှာပဲဆိုတဲ့ အစိုးရိမ်လွန်မှုနဲ့ တောခိုလေ့ရှိကြတဲ့အတွက် တောခိုတဲ့အကျင့်ဆိုးကြီးဟာ နိုင်ငံတော်ကို အလွန်တရာထိခိုက်နစ်နာစေခဲ့တယ်ဆိုတာ ရဲဘော်တို့ အသိဖြစ်တယ်။ ဒါတွေဟာ သင်ခန်းစာယူစရာတွေပဲ ဖြစ်တယ်။

ရဲဘော်တို့-

လွတ်လပ်ရေးရပြီးတဲ့နောက် ဒို့နိုင်ငံတော်မှာ သွေးကွဲမှုတွေကြောင့် တိုင်းရင်းသားလက်နက်ကိုင်ဆန့်ကျင်မှုတွေလဲ အများအပြားပေါ်ပေါက်ပြီး တိုင်းပြည်နစ်နာခဲ့ရတယ်။

ဒါကြောင့် ယခုကာလမှာ နိုင်ငံရေးပါတီတွေဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ ခံယူချက်နဲ့ ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေစိုက်ပြီး စည်းရုံးကြဖို့လိုတယ်။ ပြည်သူလူထုက အတည်ပြုပေးထားပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးမှု လုံးဝမပြုမိဖို့လဲ လိုအပ်တယ်။

ပါတီစည်းရုံးရေးကို ဆောင်ရွက်ရာမှာ ဆူပူမှုကို လှုံ့ဆော်ဖန်တီးခြင်း မပြုဖို့၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ ပါတီချင်းပုတ်ခတ်မှုတွေကို ရှောင်ရှားပြီး အချင်းချင်း သည်းခံခွင့်လွှတ် နားလည်ပေးခြင်းအားဖြင့် ကွဲပြားခြားနားမှုများအကြားမှာ စည်းလုံးညီညွတ်ကြဖို့သင့်ကြောင်း အလျဉ်းသင့်လို့ မေတ္တာရပ်ခံလိုပါတယ်။ ယခုလို ရင့်ကျက်တဲ့ ပါတီစည်းရုံးရေးမှုတွေကို လိုက်နာကျင့်သုံး ထိန်းသိမ်းဆောင်ရွက်မယ့်သူမှန်သမျှကို အစိုးရက စောင့်ရှောက်သွားမှာ ဖြစ်တယ်။ ဒါမှသာ ဒီမိုကရေစီဟာ ရင့်ကျက်မှုမရှိသေးခင် ပြန်လည်ပျက်ယွင်းသွားခြင်းမရှိဘဲ ခိုင်မာအောင် တည်ဆောက်သွားနိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ကြရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာကျော် သုံးရာကတည်းက အမြစ်တွယ်ခဲ့လို့ ရင့်ကျက်ပြီးဖြစ်နေတဲ့ ဒီမိုကရေစီမျိုးကို ချက်ချင်းရနိုင်မှာမဟုတ်တဲ့အတွက် အစစအရာရာ ဆင်ခြင်တုံတရားရှိကြဖို့ လိုတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ပျိုးထောင်ဆဲအဆင့်သာရှိသေးပြီး စိတ်ရှည်ရှည်နဲ့ ဆက်လက်ပြုစုစောင့်ရှောက်ဖို့ လိုဦးမှာဖြစ်တယ်။ ခုရေတွင်းတူး ခုရေကြည်သောက်လို့ မရနိုင်တာကို နားလည်ပြီး တဖြည်းဖြည်းရင့်ကျက်လာအောင် အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်သွားကြရမှာ ဖြစ်တယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်။ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်ကြရမယ်။ တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာယူလိုက်ရပြီးနောက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲထူထောင်ထားတဲ့ နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းတွေကနေ ပြည်သူ့အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်ကြရမယ်။ နိုင်ငံတော်မှာ ကျင့်သုံးမယ့် ဒီမိုကရေစီကျင့်စဉ်ဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိပါးခြင်းမရှိအောင် စောင့်ရှောက်ကြရမယ်။ ဒါ့အပြင် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်ဖို့အတွက်လည်း အစိုးရ၊ ပြည်သူတို့နဲ့အတူ ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

၂၀၀၈ ခုနှစ်အတွင်း ပြင်းထန်စွာ ကျရောက်ခဲ့တဲ့ မုန်တိုင်းအန္တရာယ်ကြီးနဲ့ ရင်ဆိုင်ရချိန်မှာ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဟာလဲ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ညီညွတ်တဲ့စွမ်းအားကြောင့်ပဲ ဆိုတာ ထင်ရှားတဲ့ သက်သေသာဓကဖြစ်တယ်။

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူများ ပန်းကုံးစွပ်ကြိုဆို

ဂုဏ်ပြုကြိုဆို

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့်လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုကြစဉ်။

(သတင်းစဉ်)



28-3 (10).pmd 1 3/28/2009, 3:33 AM

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နေပြည်တော်၌ တည်ဆောက်ထားသော ပုံနှိပ်စက်ရုံကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ပြန်ကြားရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	ရုပ်သံလွှင့်စက်ရုံ	၁	၂	၁
၂	ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၂၁၂	၁၉၇
၃	MRTV-4 ထုတ်လွှင့်စက်ရုံ	-	၂၃	၂၃
၄	FM ရေဒီယိုထပ်ဆင့်လွှင့်စက်ရုံ	-	၉	၉
၅	FM ရေဒီယိုထုတ်လွှင့်မှု	-	၂	၂
၆	ပြန်/ဆက်ရုံးများ	-	၃၉၈	၃၉၈
၇	ပြန်/ဆက်စာကြည့်တိုက်များ	၁၁၁	၃၉၈	၂၈၇
၈	ဌာနဆိုင်ရာစာကြည့်တိုက်	-	၈၂၁	၈၂၁
၉	ကျေးလက်စာကြည့်တိုက်	-	၅၅၇၅၅	၅၅၇၅၅
၁၀	e-library များ	-	၁၂၆	၁၂၆
၁၁	အစိုးရပုံနှိပ်စက်ရုံများ	၅	၇	၂
၁၂	ကိုယ်ပွားသတင်းစာတိုက်	-	၉	၉

အဖြူရောင်ကြယ်တစ်ပွင့်

☆ ချစ်တဲ့သူငယ်လေ....
သူငယ်ချင်းကောင်း
ယောက်မတို့ရေ။

☆ လယ်မြေတစ်ဝန်း၊ ရွှေရောင်လွှမ်းပါလို့
လေရမ်းရယ်က တသုန်သုန်မြူး
မြဖူးပုရစ်၊ ထွက်ပြူလုစ်တော့
သစ်ရွက်ရော်ဝါ
ကြွေကာမြေသို့ဆင်းတော့တယ်။

☆ လေပြည်တသင်းသင်းရယ်ကြောင့်
ရွှေမြေဝင်းဝင်းမှာဖြင့်
ပန်းမင်းကံ့ကော်၊ သရဖီမော်
ရှင်ပျော်တူကွ၊ လန်းဝေကြ
မွှေးမြလှိုင်ကြူ၊ တလူလူလွင့်
လေယူရာမြူး၊ အလှထူး
နွေဦးပန်းချီသစ်တော့တယ်။

☆ အေးချမ်းသာယာ
ပြည်မြန်မာ အလှစစ်
ဖက်ဆစ်သူရဲ၊ လုယူခွဲလို့
အက်ကွဲစိတ်စိတ် ပျက်တော့တယ်။

☆ ပြည်ထောင်တစ်လွှား၊ တိုင်းရင်းသားတို့
ဓားသွားမြမြ၊ တသသ
တက်ကြွစစ်သွေး ဝေတော့တယ်။

☆ ကြယ်ဖြူတစ်ပွင့် လက်မောင်းတင့်
ရဲရင့်စွန့်စား တိုက်ကြတယ်။

☆ ရှေ့နောက်တောင်မြောက် ပြည်လုံးပေါက်
ထွန်းတောက်ကြယ်ဖြူ လင်းတော့တယ်။

☆ ဖက်ဆစ်ဂျပန် အပြုတ်နှံ
တော်လှန်တိုက်ပွဲ နိုင်ခဲ့တယ်။

☆ တိမ်စွန်းယံပေါ်၊ အောင်လံတော်
လွင့်ပျော်ရဲရဲ ဝဲတော့တယ်။

☆ အလိုလေ့အိုင်....
နိုင်ငံတော်ကျွန်အဖြစ်ရယ်မှ
မျိုးချစ်တွေတော်လှန်တိုက်တာကြောင့်
ဂုဏ်ထိုက်စွာ လွတ်မြောက်လာလေတဲ့
တပေါင်းနွေရာသီဦးမှာကွယ်
ကြည်နူးပျော်လေး။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

စုမြတ်ရတနာ

ထားဝယ်မြို့နယ် ဇော်ဝ ရွှေဂူတောင်စံပြရွာ သုတအလင်းပြ စာကြည့်တိုက်အဆောက်အအုံ။

(မြန်မာ့အလင်း)

ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့မှ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

28-3 (11).pmd 1 3/28/2009, 3:33 AM



ဝမ်းမြောက်ခြင်း

ဦးအောင်ဇင် (Chairman Mico Group of Companies)

နှင့်

ဒေါ်တင်မူယာ (Chairman A' Plus Manufacturing Companies)

တို့၏ သားလုရတနာနှင့် မေယုဝတီဇင်အတွက် မောင်လေး

မေယုသခင် အား

Malaysia နိုင်ငံ Kuala Lumpur မြို့ရှိ
AMPANG PUTERI SPECIALIST HOSPITAL ၌
၂၀-၃-၂၀၀၉ရက် နံနက် ၉း၅၅နာရီတွင် အောင်မြင်စွာ မွေးဖွားခြင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိသားစုအားလုံး
ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများဖြင့်
ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

MICO နှင့် A' Plus
မှ
ဒါရိုက်တာများ၊
မန်နေဂျာများနှင့် ဝန်ထမ်းများ။

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြန်မာ့အလင်း အင်တာနက် ဖောင်ပီတ်သတင်း

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ၄၈ ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ပက်ရှဝါ မတ် ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခေဘာအရပ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် မတ် ၂၇ရက်က ဖြစ်ပွားခဲ့ရာ ၄၈ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြိုကျပျက်စီး

လူအများစုဝေးနေချိန်၌ ဗုံးများကို ခန္ဓာကိုယ်အတွင်း လျှို့ဝှက်စွာသယ်ဆောင်လာသူတစ်ဦးက အဆောက်အအုံအတွင်း၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူဦးရေမှာ ထပ်မံတိုးမြင့်လာဖွယ်ရှိကြောင်း၊ ဗုံးခွဲခံရမှုကြောင့် အဆိုပါအဆောက်အအုံပါ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ပြောကြား

ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူအများအပြားရှိနေဆဲဖြစ်ရာ ခေဘာအရပ်၌ ဗုံးခွဲတိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးပင်ဖြစ်ကြောင်း၊ အဆိုပါ ဗုံးခွဲတိုက်ခိုက်ခံရသည့်နေရာမှာ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်၌ ဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၇

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အနော်ရထာလမ်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စည်ရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)က အမှာစကားပြောကြားသည်။

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ၂၀၀၈ခုနှစ် စစ်မှုထမ်းဟောင်း(အဆင့်မြင့်နှင့် အခြားအဆင့်) စည်းရုံးရေးသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၊ ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၏ သားသမီးများနှင့် မြို့နယ်စာရင်းကိုင်တို့အား မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှိုင်သာယာမြို့နယ် အမက(၂၅)မှ အလကကျောင်းသို့ ကျောင်းဆောင်တိုးချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ယင်းအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးသန်းဌေး၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြတ်ဝေတိုးနှင့် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာမည်

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မိုးနေရာကွက်ကျားထစ်ချုန်းရွာခဲ့ပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ သာယာဝတီမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်၊ ဟင်္သာတမြို့တွင် ၃၉ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀၁ဒသမ၅၃လက်မ၊ ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၅၉လက်မ၊ ကော့သောင်းမြို့နှင့် ကော့ကရိတ်တို့တွင် ၀ဒသမ၅၃လက်မစီ၊ လားရှိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၀ ဒသမ ၃၉လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းအငယ်ဖြစ်ထွန်းနေသည်။

မတ် ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

တိမ်အသင့်အတင့်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဧပြီလ ပထမရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ။

မြောက်ဥက္ကလာပမြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ဗုံးထောင်ရန် ဗုံးကိုတပ်ဆင်ပြင်ဆင်နေသူသေဆုံး

နေပြည်တော် မတ် ၂၇

မတ် ၂၆ရက် ညနေ ၄နာရီ မိနစ် ၂၀ခန့်တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုမင်္ဂလာလမ်းရှိ တော်ဝင်နန်းတည်းခိုခန်း(ဒုတိယထပ်) အခန်းအမှတ် F-1၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

စစ်ဆေးတွေ့ရှိ

ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ အသက်၂၀ကျော် အမျိုးသားတစ်ဦးအား ခြေလက်နှစ်ဖက်ပြတ်၊ မျက်နှာပျက်စီး၊ ခန္ဓာကိုယ်အောက်ပိုင်း ပျက်စီးဒဏ်ရာများဖြင့် အဆိုပါနေရာ၌သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

သိမ်းဆည်းရမိ

ပေါက်ကွဲမှုဖြစ်ပွားရာ နေရာတစ်ဝိုက်ကိုစစ်ဆေးရာ အလျား လေးလက်မ၊ အနံ နှစ်လက်မ၊ အထု တစ်လက်မ၊ အလေးချိန် ၀ဒသမ၅ပေါင်ရှိ ယမ်းတုံးတစ်တုံး၊ လျှပ်စစ်ဒီတိုနေတာတစ်ခု၊ လျှပ်စစ်ဒီတိုနေတာကြိုးအပိုင်းအစများ၊ ကိုးဗို့ဓာတ်ခဲတစ်လုံး၊ AA ဓာတ်ခဲလေးလုံး၊ လေးမီလီမီတာခန့်ရှိ စတီးဘောစေ့အလုံး ၃၀၊ စားပွဲတင်နာရီ နှစ်လုံး၊ လျှပ်စစ်အမ်ပီယာတိုင်းကိရိယာတစ်ခု၊ Binding Tape ခွေ တစ်ခွေ၊ Wire Tape ခွေတစ်ခွေ၊ လက်ကိုင်ဖုန်းတစ်လုံး၊ လက်ပတ်နာရီ တစ်လုံးနှင့် သေဆုံးသူ၏နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ပေါက်ကွဲခဲ့

ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌တွေ့ရှိရသော ဖောက်ခွဲရေးသုံး ဆက်စပ်ပစ္စည်းများ၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုအနေအထားများအရ သေဆုံးသူသည် အချိန်ကိုက်စနစ်သုံး ဒေသန္တရ လုပ်မိုင်းတစ်ခုအား ပြုလုပ်နေစဉ် သို့မဟုတ် အချိန်ကိုက်စနစ်အား အသက်သွင်းနေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး နောက်ထပ်ချိန်ကိုက်မိုင်းပြုလုပ်ရန် ပစ္စည်းအချို့လည်း ကျန်ရှိခဲ့ကြောင်း သိရှိရသည်။

စုံစမ်းဖော်ထုတ်

ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေရန်၊ လူထုတုန်လှုပ်ချောက်ချားစေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများပြုလုပ်ရန် အမြဲမပြတ် ကြံစည်ကြိုးစားလျက်ရှိနေကြောင်း တွေ့ရှိရပြီး သူများမကောင်းကြံ၊ ကိုယ့်ဘေးဒဏ်ထိ ဖြစ်ရပ်မျိုးဖြစ်ပွားခဲ့ကာ ယခုဖောက်ခွဲမှုနှင့် ပတ်သက်၍ ကနဦးစုံစမ်းဖော်ထုတ်ချက်များအရ ပေါက်ကွဲမှုသည် ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၊ WBURF အဖွဲ့တို့နှင့် ဆက်စပ်ပတ်သက်နေကြောင်း တွေ့ရှိရပြီး တာဝန်ရှိသူများက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး

ကာဇက်စတန်နိုင်ငံ ကာရာဂန်ဒါမြို့ရှိ အမျိုးသမီးကြီး ဆာခမ်ဒိုဆိုဖာသည် လက်ရှိ၌ အသက် ၁၃၀ ရှိပြီဖြစ်ရာ ကမ္ဘာ၌ အသက်ရှင်နေထိုင်လျက်ရှိသည့် အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်ကြောင်း သိရသည်။ ဆာခမ်ဒိုဆိုဖာ၏ မွေးသက္ကရာဇ်မှာ ၁၈၇၉ခုနှစ် မတ် ၂၇ရက်ဖြစ်ပြီး အိမ်ထောင်နှစ်ဆက်ရှိခဲ့ကာ သားသမီးသုံးဦးနှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အမြင့်ဆုံးရေတံခွန်ပေါ်မှ လှေဖြင့် ဒိုင်ဗင်ထိုးချနိုင်သူ

ဘရာဇီးနိုင်ငံ အမေဇုံမြစ်အနီး ရေတံခွန်တစ်ခုတွင် ဘရာဇီးနိုင်ငံသား အသက် ၂၆ နှစ်အရွယ် ပီဒရိုအိုလီဗီရာ အမည်ရှိ ကနူးကယက်လှေလှော်အားကစားသမားတစ်ဦးသည် မတ် ၂၅ရက်က အမြင့် ၁၂၇ပေရှိသော ရေတံခွန်မှ ဒိုင်ဗင်ထိုးချခဲ့သဖြင့် ကမ္ဘာပေါ်၌ ရေတံခွန်အမြင့်ဆုံးနေရာမှ ဒိုင်ဗင်ထိုးခုန်ချနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက်ကျန်းမာရေး

ရွှေပဲသီးစားသုံးခြင်းဖြင့် ကျောက်ကပ်ရောဂါမဖြစ်ပွားနိုင်

အဝါရောင်ရွှေပဲသီးတောင့်ကို ပုံမှန်စားသုံးလျှင် သွေးပေါင်ချိန်မြင့်မှု ကျဆင်းစေနိုင်ပြီး ကျောက်ကပ်ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

လျှင်မြန်သွက်လက်

အဝါရောင် ရွှေပဲသီး တောင့်မှရရှိသော ပရိုတင်းသည် သွေးထဲတွင်ပါဝင်သည့် ကိုယ်လက်စထရော များပြားမှုကို ကျဆင်းစေနိုင်ပြီး သွေးလည်ပတ် စီးဆင်းမှုအား လျှင်မြန် သွက်လက် လာစေကြောင်း ၎င်းတို့က ပြောကြားသည်။

ကျောက်ကပ်ရောဂါ ဖြစ်ပွားနေသူ ဝေဒနာရှင်တစ်ဦးအား ရွှေပဲသီးကို သီတင်းနှစ်ပတ် စားသုံးစေပြီး သုတေသနပြုခဲ့ရာ ကျောက်ကပ်ရောဂါဖြစ်ပွားမှု ၂၀ရာခိုင်နှုန်း ကျဆင်းစေကြောင်း တွေ့ရှိရသည်ဟု ပြောကြားသည်။

အဆိပ်ဓာတ်များဖယ်ရှားပေးနိုင်

ထို့အပြင် ရွှေပဲသီးတွင် ပါဝင်သော ဓာတ်များက ခန္ဓာကိုယ်အတွင်းရှိ သွေးများ၌ပါရှိသည့် အဆိပ်ဓာတ်များကို ဖယ်ရှားပေးနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ဘဝအမောပြေ

ပန်းချီဆရာရဲ့သား....

ပန်းချီဆရာတစ်ဦးက အလုပ်ကိစ္စတစ်ခုနှင့်အပြင်သွားရာ သားဖြစ်သူအား မှာကြားလေသည်။

ပန်းချီဆရာ ။ ။ သားမေမေ ဈေးကပြန်လာရင် ဖေဖေ အလုပ်ကိစ္စသွားတယ်လို့ ပြောလိုက်နော်။

သားငယ် ။ ။ ဟုတ်ကဲ့။

ပန်းချီဆရာ ။ ။ အိမ်အပြင်လည်း ထွက်မဆော့နဲ့နော်။

သားငယ် ။ ။ ဟုတ်ကဲ့။

ပန်းချီဆရာ ။ ။ ကဲ ... ဖေဖေ့တိုက်ပုံ ယူပေးပါဦး။

သားငယ် ။ ။ ဟုတ်ကဲ့...ဟု ပြောကာ အိမ်ခန်းအတွင်း ဝင်သွားလေသည်။ ပြန်ထွက်လာသော် ...

ပန်းချီဆရာ ။ ။ သား ... တိုက်ပုံဘယ်မှာလဲ ...

သားငယ် ။ ။ ဒီမှာပါဖေဖေ... ဟု ပြောကာ တိုက်အဆောက်အအုံပုံစံ ပန်းချီကားကို ပြလိုက်သဖြင့် ...

ပန်းချီဆရာ ။ ။ **'ဟောဗျာ'**

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ကမ္ဘာကျော်ဝတ္ထုရေးဆရာအကျော်အမော် ချားလ်စ်ဒစ်ကင်

၁၈၁၂-၁၈၇၁

၁၈၀၀ပြည့်လွန် နှစ်များသည် ရာဇဝင်ဝတ္ထုရေးဆရာကြီးဆာဝေါ်လ်တာစကော့ထ်၏ဝတ္ထုများကို လူကြိုက်များနေသည့်အချိန်အခါဖြစ်သည်။ ထိုအချိန်တွင် အင်္ဂလန်နိုင်ငံတစ်ဝန်း နေရာအနှံ့ သွားရောက်၍ နိုင်ငံရေးသမားများ၊ ပညာရှိကြီးများ၏ ဟောပြောချက်တို့ကိုလက်ရေးတိုနှင့် လိုက်ကူးနေရသော သတင်းထောက် ပေါက်စလေး ချားလ်စ်ဒစ်ကင်က စကော့ထ်၏ ဝတ္ထုများထက် လူကြိုက်များသည့် ဝတ္ထုများကို ရေးသားခဲ့သည်။

အကြီးဆုံး

ချားလ်စ်ဒစ်ကင်ကို ၁၈၁၂ခုနှစ်တွင် ပို့စ်အောက်မြို့၌ဖွားမြင်သည်။ သူ၏ဖခင် ဂျွန်ဒစ်ကင်သည် တပ်မတော်လစာထုတ်ပေးရေးရုံးမှ စာရေးဖြစ်ပြီး မိခင်မှာ ရေတပ်ဗိုလ်တစ်ဦး၏ သမီးဖြစ်သည်။ ချားလ်စ်တွင် တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမ ရှစ်ယောက်ရှိပြီး ယောက်ျားလေးများအနက် အကြီးဆုံးဖြစ်သည်။

သဘောကျ

ဂျွန်ဒစ်ကင်သည် ချက်သန်းမြို့တွင် ပထမဦးဆုံး အလုပ်လုပ်စဉ်၌ ၎င်း၏သား ချားလ်စ်သည် လေးနှစ်မှ ကိုးနှစ်အထိ နေ့ကျောင်းသားအဖြစ် ပညာသင်ခဲ့သည်။ ကျောင်းသို့ မရောက်မီကပင် ၎င်း၏မိခင်က ၎င်းအား အင်္ဂလိပ်စာနှင့် လက်တင်စာကို သင်ကြားပေးခဲ့သည်။ ချားလ်စ်သည် ပညာရှိပုဂ္ဂိုလ်ကြီးဖြစ်လိုသည့်အလျောက် ပညာကို အားကြိုးမာန်တက် ကြိုးစားလေ့လာ သင်ယူခဲ့သည်။ သူသည် အင်္ဂလိပ်စာ အတော်ဖတ်တတ်သည့်အခါ အိမ်အထပ်ခိုးရှိ ဝတ္ထုများကို အခေါက်ခေါက်အခါခါ ဖတ်ကာ ဝတ္ထုတိုရေးလိုလှသဖြင့် ရေးကြည့်ပြီး သူငယ်ချင်းများအားပြရာ သဘောကျခဲ့ကြသည်။

အသည်းကွဲခမန်း

စာပေနှင့်မွေ့လျော်နေသည့် ချားလ်စ်သည် ဖခင်အလုပ်ပြောင်းရွှေ့ရာ လန်ဒန်မြို့အစွန်တွင် နေထိုင်ခဲ့ရသည်။ မိသားစုနေထိုင်ရသည့် အိမ်လေးမှာ ကျဉ်းကျပ်ညစ်ထေး၍ စိတ်မချမ်းမြေ့သော ချားလ်စ်သည် ဖခင်၌မဆပ်နိုင်လောက်အောင် အကြွေးအတော်များသဖြင့် ဖခင်ထောင်ကျခဲ့ရာ ပိုမိုစိတ်ဆင်းရဲခဲ့ရသည်။ ထို့ကြောင့် ချားလ်စ်ကျောင်းထွက်လိုက်ရပြီး အိမ်တွင်ညီများ၊ ညီမများအား ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ မာချယ်လ်ဆီးတွင် ကြွေးကြောင့် ထောင်ကျခံနေရသောဖခင်အတွက် ချားလ်စ်မှာ အသည်းကွဲခမန်းခံစားခဲ့ရသည်။

အလုပ်ဝင်

ဖခင် ထောင်ကျနေခိုက် စားစရာမရှိသော အိမ်သားများသည် အိမ်ထောင်ပစ္စည်းများကို တစ်ခုပြီးတစ်ခု ပေါင်နှံသုံးစွဲခဲ့ရပြီး ပညာရှိပုဂ္ဂိုလ်ကြီး ဖြစ်ချင်ရှာသော ချားလ်စ်မှာ စာရေးဆရာကြီးများနှင့် ခွဲခွာကာ သူခင်တွယ်မြတ်နိုးသော ဝတ္ထုစာအုပ်အဟောင်းများကိုပင် ရောင်းချသုံးစွဲခဲ့ရသည်။ အိမ်လခ မပေးနိုင်သဖြင့် မြီစားများနေထိုင်နိုင်သော ဖခင်ထောင်ဒဏ်ကျခံနေရသည့် မာချယ်လ်ဆီးထောင်၌ လိုက်နေထိုင်ခဲ့ကြရသည်။ ဖိနပ်ဆေးထုတ်ကုမ္ပဏီတွင် မန်နေဂျာဖြစ်နေပြီး ချားလ်စ်တို့၏ဆွေမျိုးဖြစ်သူ ဂျိမ်းစ်လင်းမတ်က ချားလ်စ်ကိုအလုပ်ပေးရာ ပညာရှိတစ်ဆူ ဖြစ်ချင်လှသော ချားလ်စ်မှာ ကျောင်းမတက်နိုင်သည့်အတူ အလုပ်ဝင်လုပ်ခဲ့ရတော့သည်။

ချားလ်စ်သည် ပင်ပင်ပန်းပန်းလုပ်၍ ရသော လုပ်ခငွေကို အရမ်းသုံးမိမည်စိုးသောကြောင့် တစ်ပတ်စာလုပ်ခ ခြောက်ရှိလင်ကို တစ်ရှိလင်စီခွဲ၍ ကြိုးကလေးများဖြင့်ချီကာ မည်သည့်ရှိလင်ကို မည်သည့် သီတင်းပတ်ကရသည်ဟု မှတ်တမ်းကမ္ပည်းကလေးများဆွဲချိတ်၍ သိမ်းဆည်းထားလေသည်။ အပြင်၌စားရသည့် အစားအသောက်မှာ ထောင်စာလောက်မကောင်းသဖြင့် တနင်္ဂနွေနေ့တိုင်း ထောင်စာကို တစ်ပတ်တစ်ခါ စားဖြစ်အောင်စားလေသည်။

ခန့်ထားခြင်းခံရ

ချားလ်စ်သည် နှစ်နှစ်ခန့်အလုပ်ကြမ်းလုပ်ရပြီးနောက် ကြွေးဆပ်နိုင်သော ဖခင်ထောင်မှ လွတ်မြောက်ပြီး အလုပ်အကိုင်စလုပ်ရသည်နှင့် ဖခင်က ချားလ်စ်အားကျောင်းဆက် ထားခဲ့လေသည်။ ထိုအချိန်မှစကာ ကျောင်းတွင် စာစရေးပြီး ကျောင်းမှထွက်သောအခါ ရှေ့နေစာရေးလုပ်ရသည်။ အားလပ်ချိန်တွင် လက်ရေးတိုသင်ကြားကာ အသက် ၁၉နှစ် အရွယ်တွင် ဖခင်ထောင်မှထွက်ကတည်းက သတင်းထောက်လုပ်နေသည့်"မောနင်းခရောနီကယ်လ်"သတင်းစာတွင် သတင်းထောက် ဝင်လုပ်ခဲ့သည်။ သွက်လက်၍ အရေးအသား တော်သော ချားလ်စ်သည် ပါလီမန်သတင်းထောက်အဖြစ် ခန့်ထားခြင်းခံရသည်။

ချားလ်စ်သည် ဘော့စ်အမည်ဖြင့် လစဉ်မဂ္ဂဇင်းတွင် ဆောင်းပါးရွေးချယ်ခံရပြီးနောက် လစဉ်ဆောင်းပါး ၁၀ပုဒ်ရေးခွင့်ရပြီး ၁၈၃၆ခုနှစ်၌ "ဘော့စ်၏ဆောင်းပါးများ"အမည်ဖြင့် စာအုပ်ထုတ်ဝေရာ အောင်မြင်ခဲ့သည်။ ထို့နောက် ပစ်ခ်ဝစ်ခ်ပေပါစ် အမည်ရှိ ဟာသဆောင်းပါးကို ရေးသားနေခိုက်တွင် အော်လီဗာတွစ်(ခ်)၊နစ်ကလပ်စ်နစ်ကီလ်ဘီ၊ အထူးအဆန်း ပစ္စည်းဟောင်းများ ဆိုင်ကြီး၊ ဘာနဘီရပ်ခ်ျ၊ အမေရိကန်မှတ်စု၊ မာတင်ချပ်ဇီဝစ်၊ ခရစ္စမတ်ကဲရိုးလ်၊ ဒေးဗစ်ကောပါးဖီလ်ဒ်၊ ၁၈၆၉ခုနှစ်၌ အက်ဒွင်ဂုရု၏လျှို့ဝှက်ချက် စသည့်စာအုပ်များကို ရေးသားခဲ့သည်။

ယနေ့တိုင်ထုတ်ဝေ

၁၈၅၆တွင်ငယ်စဉ်ကတည်းက သူ အရူးအမူး ပိုင်ဆိုင်ချင်လှသော "ဂလက်ဒ်ဟစ်ပဲလေ့စ်ရဲတိုက်ကြီး"ကို ပိုင်ဆိုင်နေပေပြီ။ ၁၈၆၆ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ဒုတိယအကြိမ်သွားကာ ၁၈၆၉ခုနှစ်၌ ပင်ပန်းလွန်းသဖြင့် စာဖတ်ပွဲများ ရပ်ကာစာကိုသာ ရေးသားခဲ့တော့သည်။ သူသည် ၁၈၇၁ခုနှစ် အသက်၅၉နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော်လည်း ၎င်းရေးသားခဲ့သော စာအုပ်များ ယနေ့တိုင်ထုတ်ဝေပေးနေသည့် ဒစ်ကင်အသင်းဖွဲ့ကာ ၎င်းအား ဂုဏ်ပြုလျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်။

ချားလ်စ်ဒစ်ကင်ကို ၁၈၁၂ခုနှစ်တွင် ပို့စ်အောက်မြို့တွင်ဖွားမြင်၊ သူ၏ဖခင်ဂျွန်ဒစ်ကင်သည် တပ်မတော်လစာထုတ်ပေးရေးရုံးမှ စာရေးဖြစ်ပြီး မိခင်မှာ ရေတပ်ဗိုလ်တစ်ဦး၏ သမီးဖြစ်၊ ချားလ်စ်တွင် တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမ ရှစ်ယောက်ရှိပြီး ယောက်ျားလေးများအနက် အကြီးဆုံးဖြစ်။

ဘဝဒဿန

- *The best way to make your dreams come true is to wake up.*

- *သင်၏စိတ်ကူးများ အမှန်တကယ်ဖြစ်လာစေရန် ပြုလုပ်ရမည့် အကောင်းဆုံးနည်းလမ်းမှာ လက်တွေ့လုပ်ဆောင်ရန်ပင် ဖြစ်ပေသည်။*

နသန်နီယယ်ဟော်သော်နီ (အမေရိကန်လူမျိုး စာရေးဆရာ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ကားစီးလုံးငှားမည်

လူကြီးမင်းတို့၏ ခရီးစဉ်အမျိုးမျိုးအတွက် Saloon, Town Ace, Hiace, (၂၂၊ ၃၀၊ ၄၅) ယောက်စီး ကားမျိုးစုံငှားရန်ရှိပါသည်။

ယာဉ်ပိုင်ရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်နိုင်ပါသည်။

T&Z ကားစီးလုံးငှားလုပ်ငန်း

ဇော်မိုး ဖုန်း-၀၉-၅၁-၀၆၁၈၅။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး အနောက်ဘက်ရင်ပြင်တော်တိုးချဲ့ရန် အလှူငွေပေးအပ်ပွဲ

ဦးကြည်မောင်-ဒေါ်အေးမြင့် (ထွန်းမိသားစု သစ်စက်)မှ အလှူငွေကျပ် ၁၅သိန်း၊ ဗိုလ်မှူးမြင့်သိန်း-ဒေါ်ခင်သန်းမြိုင်မိသားစုမှ ကျပ်တစ်သိန်း၊ ဦးတင်မောင်အေးထူး-ဒေါ်ရီရီသန်းမိသားစုမှ ကျပ်တစ်သိန်း၊ ဦးမြင့်သိန်း(၉၉၉)သံပန်း၊ သံတံခါးမိသားစုမှ ကျပ်တစ်သိန်း၊ မကွေးမြို့နယ်အသင်း(ရန်ကုန်)အသင်းသူအသင်းသားများမှ အလှူငွေကျပ်နှစ်သိန်းတစ်သောင်းတို့ကို ရင်ပြင်တော်တိုးချဲ့ရေး ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ ဦးလှဆန်း(ဧကမ္ဗာ)ထံသို့ မကွေးဆရာတော်ကြီးရှေ့မှောက်တွင် လှူဒါန်းမှုအစုစုတို့အား ရေစက်ချလှူဒါန်းကြပြီး မကွေးမြို့ မြသလွန်စေတီ ရင်ပြင်တော်တိုးချဲ့ရန်အတွက် ဧရာဝတီမြစ်ကမ်းနားဘက်သို့ အရှေ့အနောက်ပေ၃၀၊ တောင်မြောက်ပေ၃၀ခန့် တိုးချဲ့မည်ဖြစ်ပါသဖြင့် ခန့်မှန်းကုန်ကျစရိတ် သိန်းနှစ်ထောင်ခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၀၉ခုနှစ် ဧပြီလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ပါ၍ နိုင်ငံအနှံ့အပြား ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များ ဂေါပကအဖွဲ့ ဖုန်း-၀၆၃-၂၃၀၄၄၊ ဘဏ္ဍာငွေရှာဖွေရေးဥက္ကဋ္ဌ ဦးအောင်မင်း ဖုန်း-၀၆၃-၂၃၂၁၄၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးထွန်းဆိုင် ဖုန်း-၀၆၃-၂၃၇၅၃နှင့် ကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးသန်းစိုး ဖုန်း-၀၆၃-၂၃၀၉၉၊ ဦးလှဆန်း(ဧကမ္ဗာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) ဖုန်း-၀၆၃-၂၃၂၅၃တို့သို့ ပါဝင်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၁၆၂၇၈ Honda Nova Dach NZ 125 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေမောင်း ၉/ကပတ(နိုင်)၀၆၀၆၂၆သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံ)။

အိမ်ရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်းမကြီး ကျောချင်းကပ်လမ်း (ကျော်သူ-၂၄လမ်း)၊ ပေ ၄၀X ပေ၆၀၊ နှစ်ဖ၀ဂရန်၊ နှစ်ထပ်အိမ်၊ ရေ၊ မီး၊ (မီတာနှစ်လုံး)၊ ဖုန်းပါ။

ဆက်သွယ်ရန်

ဖုန်း-၅၅၄၆၉၈၊ ၇၀၅၇၂၉။



ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်း(၁၀၁)နေ ဦးမိုးဦး၊ ကိုအောင်မျိုးတို့ သိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေး(ငါးမွေးမြူရေး)၏ လုပ်ငန်းခွဲဖြစ်သော ညောင်တုန်းမြို့နယ်၊ ကျွန်းဦးကျေးရွာအုပ်စု၊ ခတ္တိယကျေးရွာ၊ ခတ္တိယရေချိုငါးမွေးမြူရေးစခန်းမှ မန်နေဂျာ ဒေါ်စန်းစန်းမြင့်၏ ညွှန်ကြားချက်အရ လူကြီးမင်းတို့အား သတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကုမ္ပဏီလီမိတက်၏ ခတ္တိယလုပ်ငန်းခွင်ဒိုင်မှ ရေချိုပုစွန်များကို လူကြီးမင်း ဦးမိုးဦးသည် ၂၆-၂-၂၀၀၈ရက်တွင် တစ်ကြိမ်၊ လူကြီးမင်း ခိုင်းစေချက်အရ ကိုအောင်မျိုးသည် ၂၈-၂-၂၀၀၈ ရက်နှင့် ၆-၃-၂၀၀၈ ရက်များတွင် ရေချိုပုစွန်များကို နှစ်ကြိမ်တိတိ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၄၂၀၂၁၅၅ ယူဆောင်သွားပါသည်။

လူကြီးမင်းသည် ၂၈-၂-၂၀၀၈ရက်မှ ၁၀-၃-၂၀၀၈ရက်အထိ ကျွန်ုပ်အမှုသည်ဒိုင်သို့ ကုန်ဖိုးပေးသွင်းငွေမှာ ၃၆၉၀၁၉၆၅ကျပ် တိတိသာ ပေးသွင်းခဲ့ပြီး ကျန်ငွေကျပ် ၇၃၀၀၁၉၀တိတိကို ပေးသွင်းရန် ကျန်ရှိနေပါသည်။ ယခုအခါ လူကြီးမင်းသည် ကုန်ဖိုးကျန်ငွေများကို ယနေ့တိုင် ပေးချေခြင်းမပြုဘဲ ရှောင်တိမ်းလျက်ရှိနေပါသည်။

သို့ပါ၍ ၂၀၀၉ခုနှစ် ဧပြီလကုန် ၃၀-၄-၂၀၀၉ရက် နောက်ဆုံးထား၍ လူကြီးမင်းပေးသွင်းရန် ကုန်ဖိုးကျန်ငွေကျပ် ၇၃၀၀၁၉၀ (ကျပ်ခုနစ်ဆယ့်သုံးသိန်း တစ်ရာ့ကိုးဆယ်တိတိ)ကို ကျွန်ုပ်အမှုသည်၏ဒိုင်သို့ မပျက်မကွက် လာရောက်ပေးသွင်းရန် သတိပေးအပ်ပါသည်။ ပျက်ကွက်ပါက လူကြီးမင်းတို့အား တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ငြိမ်းငွေ B.A (Law), LL.B ဒေါ်သင်းဇာထွေး LL.B., D.B.L

တရားရုံးချုပ်ရှေ့နေ-၁၂၇၁ အထက်တန်းရှေ့နေ-၂၄၃၈၁

အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၃၉၂၃၉၄။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာတိုးချဲ့မြေကွက်အမှတ်(၅)ကို အမည်ပေါက် ဒေါ်မိုးသူဇာ (ဝိုင်ကေအင်န်-၀၀၆၅၉၃)က ငွေအကျေပေးသွင်း၍ ဝယ်ယူပြီးကြောင်း ငွေသွင်းချလန်မိတ္တူနှင့်တကွ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်မိုးသူဇာအား မြေချပါမစ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၂၈၆၈ Honda C 90 H Custom ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး ၉/မရတ(နိုင်)၀၀၁၉၈၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

ကြော်ငြာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၁၁၀၊ ဦးပိုင်အမှတ်(၇)၊ ၉၀×၉၁ လမ်း၊ ၂၁×၂၂လမ်းကြား၊ မောင်စိန်ပါ-(၂) အမည်ပေါက် မြေကွက်အား ဦးကျော်မောင်ပါ-၂၊ ၉/မနမ(နိုင်)၀၇၅၅၁၇က အမှုတွဲအမှတ် ၀၆၂၁/ဘ (ပြောင်း)/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

နာမည်ကြီး အိန္ဒိယဇာတ်ကားသစ် ဂါဂျနီး ရုံဝင်လာ အများနှင့်မသက်ဆိုင်သောသူ စတုတ္ထပတ်မြောက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မတ် ၂၇

ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုတို့ အဓိကပါဝင်ထားသော အများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားမှာ ဝင်ငွေကောင်းနေဆဲဖြစ်၍ သမ္မတ၊ သွင်၊ နဝဒေး၊ မဟာမြိုင်(အင်းစိန်)နှင့် မန္တလေးဝင်းလိုက်ရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ဂါဂျနီးရုံဝင်လာ

အိန္ဒိယတွင် ဝင်ငွေစံချိန်တင်ရရှိပြီး နိုင်ငံတကာတွင် လူကြိုက်များလျက်ရှိသည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအက်ရှင်ဇာတ်ကားသစ် **Ghajini** မှာ ရှေ့ဆောင်ရုံတွင် ရုံဝင်လာသည်။

အဓိကပါဝင်ထား

ဆယ်လ်လူလာဖုန်းကုမ္ပဏီပိုင်ရှင် ဆန်ရေးသည် ငွေကြေးပြည့်စုံသော ချမ်းသာကြွယ်ဝသူ လူကုံထံတစ်ဦးဖြစ်သည်။ ချမ်းသာကြွယ်ဝသူနှင့် မော်ဒယ်မိန်းမပျိုတို့ ထုံးစံအတိုင်း တွေ့ဆုံချစ်ကြိုက်မိရာက ဒုစရိုက်လောကသားတို့၏ နှောင့်ယှက်မှုကြောင့် မော်ဒယ်လည်း ဘဝပျက်ရ၊ ကုမ္ပဏီပိုင်ရှင် လူကုံထံလည်း လူကောင်းဘဝမှ ဆိုးသွမ်းသူလူသတ်သမားဘဝ ရောက်သွားရပုံများကို အသည်းတထိတ်ထိတ် ရင်တဖိုဖို ကြည့်ကြရမည့် အိန္ဒိယ အက်ရှင်ဇာတ်ကား ဖြစ်သည်။ ယင်းဇာတ်ကားတွင် အမီခန်း၊ အဆင်းန်၊ ဂျီယာခန်းတို့ အဓိကပါဝင်ထားသည်။

မရဏကားပြိုင်ပွဲ

အမေရိကန်စီးပွားရေးကပ်ဆိုက်နေစဉ် အကျဉ်းထောင်များတွင် အကျဉ်းသားများ ပြည့်ကျပ်ပိုလျှံလာသဖြင့် မရဏကားပြိုင်ပွဲကျင်းပပြီး အကျဉ်းသားများကို ရှင်းထုတ်ရန် ကြိုးစားပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော အမေရိကန်ကားသစ်ဖြစ်သည်။

ပြသဆဲ

ယင်းဇာတ်ကားတွင် ဂျက်ဆင်နှင့် ဂျွန်အယ်လင်တို့ အဓိက ပါဝင်ထားသည်။ မင်္ဂလာရုံတွင် တစ်ကျော့ ပြန်ရုံဝင်လာသော Death Race ဇာတ်ကား ဖြစ်သည်။ နေပြည်တော်ရုံတွင်Outlander ဇာတ်ကား ဒုတိယပတ်မြောက် ပြသနေဆဲဖြစ်သည်။

Ghajini မှ မင်းသား အမီခန်း၏ အက်ရှင်တစ်ကွက်။

ဘာဒေါလ်လာပြီ

ရွာကိုမီးရှို့ပြီး မိဘနှင့်ညီမကို သတ်သွားသူအား လက်စားချေရန် ဘဝခရီးကြမ်းကို ဖြတ်သန်းတော့မည့် **Badal** ဖြင့် ဘော်ဘီဒိုးလ်က သရုပ်ဆောင်ထားသည်။ ယင်း ဇာတ်ကားတွင် ဘော်ဘီဒိုးလ်နှင့်အတူ အမရစ်ပူရီ၊ မင်းသမီးချော ရာနီးလ်မူကာဂျီတို့ ပါဝင်ထားသည်။ တန်းမြင့် မြို့မရုံတွင်ကြည့်ကြရမည်ဖြစ်သည်။ ဘုရင့်ရုံတွင် **Drona** ရုံဝင်လာသည်။ ဒရိုနာတွင် အဘိရှက်ဘဂျမ်း၊ ပရီရင်ကာချိုပရာနှင့် ကေကေမေနန်းတို့က မှော်ပညာစွမ်း ပြသထားသည်။

ဇမ္ဗူထွန်းသက်လွင်က လပ်ကီးဘော့စ်အတွက် ရိုက်ကူး တင်ဆက်လိုက်သော **ဖက်ရှင်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီ၊ မြရတနာရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင်

ဖက်ရှင် ဒီဗွီဒီဇာတ်ကားမှ ဟိန်းဝေယံနှင့် သက်မွန်မြင့်။

ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ဆုပန်ထွာ၊ စန္ဒီမြင့်လွင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ ကိုရီးယား ဖက်ရှင်အဖြစ် မိန်းကလေးကစရမှာလားဆိုသော မိန်းမနောက်ပိုး ဇာတ်လမ်းမျိုးဖြစ်သည်။ တက္ကသိုလ်ကျောင်းသူ သုံးဦးကြားတွင် ဗျာများရသော ကျောင်းကားဒရိုင်ဘာအဖြစ် ဟိန်းဝေယံက သရုပ်ဆောင်ထားသည်။ ။

(မြန်မာ့အလင်း)

(၅၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၂၇

အရှင်သီလဝံသသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ မတ် ၂၃ ရက်က (၅၂) ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ရေပေးရေးလုပ်ငန်း ကနီ၌ ဆောင်ရွက်

ကနီ မတ် ၂၅

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်မြို့ပြလမ်းတံတားလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်လွင်နှင့် ခေတ္တအမှုဆောင်အရာရှိ ဦးလှသိန်းထွန်းတို့ ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်တာဝန်ခံ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လယ်ယာစပါး ပြည့်အားထား

တားဆီးကာကွယ် မီးရန်စွယ်

(၆၄) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြား

စစ်ကြောင်းကြီးခုနစ်ကြောင်း ချီတက်အလေးပြု၊ တပ်မတော်နေ့မိန့်ခွန်းနာခံ

နေပြည်တော် မတ် ၂၇

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးဟူသည့် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ■

စစ်ကြောင်းကြီးများ ချီတက်အလေးပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ စစ်ကြောင်းကြီးများ ချီတက်အလေးပြုကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ တည်ခင်း

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ ဘုရင့်နောင်ရိပ်သာသို့ ည ၇နာရီတွင် ရောက်ရှိလာကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) *စာမျက်နှာ ၃ ကော်လံ ၁* *